# သူ့ဂုဏ်ကိုနှိမ့် ကိုယ့်ဂုဏ်နှိမ့်

သူ့ဂုဏ်ကိုမြှင့် ၊ ကိုယ့်ဂုဏ်မြင့်၏၊ သူ့ဂုဏ်ကိုနှိမ့်၊ ကိုယ့်ဂုဏ်နှိမ့်၏ ၊ စည်းစိမ်အရာ၊ သူ့ချမ်းသာ၌ ၊ ဣဿာမပြု ၊ ဝမ်းမြောက်ရှုလော့ - မဃဒေဝဆရာတော်က စပ်ဆိုဆုံးမတော်မူခဲ့ပါသည်။ သူတစ်ပါးဂုဏ်ကို မြင့်အောင် ချီးမြှောက်ပေးခြင်းသည် ကိုယ့်ဂုဏ်ကို မြင့်အောင်လုပ်ပြီးသား ဖြစ်သွားသကဲ့သို့ သူတစ်ပါး ဂုဏ်ကို နှိမ့်ကျသွားအောင် နှိမ့်ချသူများသည်လည်း ကိုယ့်ဂုဏ်နှိမ့်အောင် ပြုလုပ်ပြီးသားဖြစ်သွားသည် ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။

စာရေးသူ ရန်ကုန်မြို့က ကွန်ပျူစာစီ မိတ္တူဆိုင်တစ်ခု၌ မိတ္တူသွားကူးစဉ် ယင်းဆိုင်၏ အမှိုက်ပုံးထဲတွင် ကွမ်းသွေးများ စွန်းပေနေသော ဘုရားပုံတော်တစ်ဆူကို ဝမ်းနည်းစွာတွေ့ရှိခဲ့ရသည်။ တစ်ပါးသူ တွေဘယ်လိုပဲ ထင်ထင် ဘုရားပုံတော်ကို အမှိုက်ပုံးထဲတွင် ညစ်ညစ်ပတ်ပတ် မရှိစေခြင်သည့်သဘောဖြင့် အမှိုက်ပုံးထဲက ဘုရားပုံတော်ကို နှိုက်ယူခဲ့ပါသည်။ ကျောင်းပြန်ရောက်သောအခါ ရေစဉ်ဖြင့် သေ သေချာချာ ဆေးကြောသန့်စဉ်ပြီး အမြတ်တနိုးပူဇော်ထားလိုက်ပါသည်။

နောက်တစ်ကြိမ် ရထားသံလမ်းဘေးက အမှိုက်ပုံထဲတွင် ဦးခေါင်းတော်တစ်ခြား ကိုယ်တော်တစ်ခြား စွန့်ပစ်ထားသော ကျောက်ဆင်းတုတစ်ဆူကိုလည်း တွေ့ရှိခဲ့ရပြန်သည်။ နိဗ္ဗာန်ကုန်ဆိုင်မှ ကျိုးပဲ့ နေသော ဆင်းတုတော်ကို စွန့်ပစ်ထားသည်ဟုထင်ပါသည်။ စာရေးသူ ပင့်ဆောင်လာခဲ့သည်။ ကျောင်းရောက်မှ ရေစင်ရေသန့်ဖြင့် ကောင်းကောင်းမွန်ဆေးကြောသန့်စင် ဦးခေါင်းတော်ကိုပြန်ဆက်ပြီး ပူဇော်ထားခဲ့ပါသည်။

မြို့ထဲသို့ ဈေးဝယ်သွားစဉ်က လမ်းဘေးတွင် ပိုစတာရောင်းသူများက ဘုရားပုံတော်များကို မြေပြင်တွင် ဖြန့်ခင်းရောင်းချနေကြသည်ကိုလည်း စိတ်မကောင်းစွာ တွေ့ရှိခဲ့ရပါသည်။ ဘုရားပုံတော်များ ကို မရှိမသေ မလေးမစား ပြုလုပ်နေကြသည်ကို တွေ့ရှိရတိုင်း မိမိကလည်း ပြောပိုင်ခွင့် မရှိသေး။ ပြောလိုက်ပြန်လျှင်လည်း ပြဿနာတက်ရုံမှအပ ထူးခြားမည် မဟုတ်၍ ဝမ်းနည်းကျေကွဲစွာပြန်ကြွလာခဲ့ရ ပါသည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ပြောဆိုဆုံးမ သတိပေးမှသာ လိုက်နာကြပါလိမ့်မည်။

စာရေးသူတို့ မြန်မာပြည်သူအချို့ အဘယ့်ကြောင့် ဆင်းရဲနိမ့်ကျ နေကြပါသနည်းဟု မေးလျှင် အဖြေက ရှင်းနေပါသည်။ အထွဋ်အမြတ် ရှိသေအပ်သော ဘုရားရှင်ကို ရှိသေခြင်းမရှိသောကြောင့် လည်းကောင်း၊ ကိုယ်စိတ်က ဘုရားကို ပြစ်မှားစော်ကားလိုစိတ်မရှိသော်လည်း ပြစ်မှားစော်ကား သကဲ့သို့ဖြစ်နေသောကြောင့်လည်းကောင်း ဆင်းရဲနိမ့်ကျနေကြပါသည်။ ဥပမာ ဘုရားပုံတော်ပါသော

စာအုပ်စာပေများကို အိပ်ယာကုတင်အောက်တွင် ထိုးထည့်ထားခြင်း၊ ဘုရားရှင်ပြင်တော်ပေါ်တွင် မဖွယ်မရာ ပြုလုပ်ကြခြင်း၊ ဘုရားခန်းတွင် မဖွယ်မရာပြုလုပ်နေကြခြင်း၊ အိမ်တွင် ကိုးကွယ်ထားသော ဘုရားဆင်းတုတော်များ ကျိုးပဲ့ပျက်စီးသောအခါ အမှိုက်တောသို့ သွားရောက်စွန့်ပစ်ကြခြင်း၊ ဘုရားကြို ဘုရားကြားတွင် အိမ်ဆောက်နေထိုင်ကြခြင်းစသော အရိုအသေကင်းမဲ့သော ပြုမူနေထိုင်မှုများ ကြောင့် ဆင်းရဲနိမ့်ကျနေကြပါသည်။ ဆင်းရဲနိမ့်ကျနေသူတိုင်းကို မဆိုလိုပါ။ များသောအားဖြင့် ဤကဲ့သို့ အရိုအသေကင်းမဲ့ကြသောသူများ ဆင်းရဲနိမ့်ကျနေသည်ကို တွေ့ရှိနေရပါသည်။

ဂျပန်ခေတ်ကိုကြည့်ပါ။ မြန်မာပြည်သူတွေကို နှိမ်နင်းသောအားဖြင့် မြန်မာတွေ အမြတ်တနိုးကိုးကွယ်သော ဘုရားစေတီပုံများကို ငွေစက္ကူပေါ်ရိုက်ထုတ်လိုက်ကြသည်။ ပိုက်ဆံဆိုသည်မှာ ခါးကြား ပေါင်ကြား ဟိုအကြားသည်အကြားထားချင်သလိုထားတတ်သော ပစ္စည်းဖြစ်သည်။ ထိုပစ္စည်းကို ဘုရားစေတီပုံရိုက်ပေးလိုက်သောအခါ ဤသို့ အရိုအသေကင်းစွာ ထားကြသူများ ကိုယ့်ဘုရားကို ကိုယ် စော်ကားသလိုဖြစ်အောင် လုပ်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းသို့ နှိမ်ထားမှ ပြည်သူတွေ နိမ့်ကျနေမှ သူတို့ စိတ်ကြိုက်အနိုင်ကျင့်အုပ်ချုပ်၍ ရမည်ဖြစ်၏။ ထိုစဉ်က ပြည်သူများ ဆင်းရဲသကဲ့သို့ ၎င်းတို့လည်း စစ်ရှုံးပြန်ကာ မွဲပြာကျခဲ့ရလေသည်။ (ယခုအချိန်မှာတော့ ကမ္ဘာ့ထိပ်တန်း ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်နေပါသည်)။

ယနေ့ ခေတ်တွင်လည်း ထီဆိုင်များက ဘုရားပုံတော်များကို ရိုက်နှိပ်အသုံးပြုလာကြပြန်ပါသည်။ ထီလက်မှတ်များကို မသန့်သောနေရာ သို့ စွန့်ပစ်ခြင်း မသန့်သောနေရာသို့ ထားရှိခြင်းဖြင့် ဂျပန် ခေတ်ကလို ဖြစ်သွားနိုင်ပါသည်။ တစ်ချို့က ဘုရားပုံ ပဋ္ဌာန်း ၂၄ ပစ္စည်းစက်ဝိုင်းပုံပါသော ယပ်တောင်များကို သာရေးနာရေးကိစ္စတို့တွင် လက်ဆောင်ပေးကြသည်။ ထိုယပ်တောင်များကို ကျော်မိနင်းမိ လျှင်လည်း ဂျပန်ခေတ်ကလို ဖြစ်သွားနိုင်ပါသည်။ လူတိုင်း ဒီလိုပဲ မရိုမသေလုပ်နေတာပဲ ဘာမှမဖြစ်ပါဘူး ဟုတစ်ချို့ ထင်ကြပေမည်။ ချက်ချင်းကြီးတစ်ခုခု ဖြစ်တာမျိုးမဟုတ်ပါ။ ကိုယ့်ကံလေးကောင်း နေခိုက်တွင် ကံဆိုးခြင်းများ ဝင်လာသည်ကို မသိသာနိုင်သေးပါ။ ကိုယ့်ကုသိုလ်ကံ အရှိန်လေး ကုန်သွားသည်နှင့် မရိုမသေ ကိုယ်စော်ကားခဲ့သမျှတွေကို စုပြုံခံကြရပါတော့သည်။

ဘုရားရှင်လက်ထက်တော်အခါက သာတာဂီရိ နှင့် ဟေမဝတနတ်ဘီလူးကြီးများ ရှိပါသည်။ သူတို့သည် နတ်သဘင်အစည်းအဝေးသွားကြရာတွင် ခါတိုင်းကဲ့သို့ပင် အာဠဝကနတ်ဘီလူး၏ ဗိမာန် ပေါ်ကနေ ကျော်သွားခဲ့ကြရာ သူတို့ နတ်ပန်းရထားများ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့လေသည်။ အကြောင်းအရာကို ကြည့်ရှုလိုက်သော အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဠာဝကကို ဆုံးမတော်မူရန် အာဠာဝက၏ ဗိမာန်အတွင်းသီတင်းသုံးနေသောကြောင့် ဖြစ်ရသည်ကို သိရှိခဲ့ရလေသည်။ သူတို့သည် ဘုရားရှင်ကို ရှိခိုးတောင်းပန် ကာ ခရီးဆက်ခဲ့ကြလေသည်။

ထိုဖြစ်စဉ်ကိုကြည့်ပါက အမြတ်ဆုံးဘုရားပေါ်က ကျော်ဖြတ်မိသည့်အတွက် အမြင့်ကနေပြုတ်ကျခြင်းဖြစ်ပါသည်။ သည်ကဲ့သို့ပင် အမြတ်ဆုံးပုဂ္ဂိုလ် အလေးအမြတ်ပြုထိုက်သောပုဂ္ဂိုလ်များကို အရိုအသေကင်းမဲ့ကြခြင်း စော်ကားကြခြင်းတို့ကြောင့် ထိုသူတို့၏ တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်တို့သည် တစ်နေ့တစ်ခြား ညှိုးမှိန်သွားကြသည်။ ဘေးဆိုးကပ်ဆိုးများ ကြရောက်ကာ ဆင်းရဲဒုက္ခရောက်ကြရ လေသည်။ အဖဂန်နစ္စတန်နိုင်ငံက ကမ္ဘာ့အကြီးဆုံး ကျောက်သားဆင်းတုတော်ကြီးများကို တာလီဘန်တို့က ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် သူတို့နိုင်ငံသည်လည်း ယနေ့တိုင်အောင် ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ကာ အမြောက်သံ ဗုံးသံညံနေရဆဲဖြစ်ရသည်ကို အားလုံးသိကြပြီးဖြစ်ပါသည်။

ရှေးလူကြီးများက စာတစ်လုံး ဘုရားတစ်ဆူဟု သတ်မှတ်ကာ ဗုဒ္ဓကျမ်းစာများကို ရိုရိုသေသေ မြတ်မြတ်နိုးနိုး သိမ်းဆည်းထားတတ်ကြသည်။ ယခုခေတ်လူများလက်ထက်တွင် ဘာသာရေးစာပေ ဖောင်းပွမှုများကြောင့် ဗုဒ္ဓစာပေများကလည်း နေရာတိုင်းမှာ ပေါများ။ နေရာတိုင်းပေါများနေသည့်အတွက်ကြောင့် ရိုသေရမှန်းမသိ။ လေးစားရမှန်းမသိ ။ တန်ဘိုးထားရကောင်းမှန်းမသိ။ ဖြစ်သလိုထား ဖြစ်သလိုသိမ်းကြသည့်အတွက်ကြောင့် ဘုရားပုံတော်များ ဘုရားတရားတော်များကို စော်ကားသလို အရိုအသေတန်သလိုဖြစ်ခဲ့ရလေသည်။ သို့အတွက်ကြောင့်ပင် စာရေးသူတို့ မြန်မာနိုင်ငံသား အများ စုသည် ဆင်းရဲကျပ်တည်းသည်ထက် ကျပ်တည်းလာသည်ကို တွေ့ရှိခဲ့ရလေသည်။

ထိုကဲ့သို့ သူ့ဂုဏ်ကို နှိမ့် ကိုယ့်ဂုဏ်နိမ့်မဖြစ်ကြရလေအောင် ဘုရားစေတီရင်ပြင်တော်၌ မဖွယ်မရာပြုကျင့်ခြင်း၊ ဘုရားပုံတော်များ ဘုရားစာအုပ်များကို မထားသင့်နေသောနေရာတွင်ထားရှိခြင်း၊ များကို အထူးရှောင်ကြဉ်ကြရပါမည်။ ဘုရားပုံတော်များ ဘုရားပုံပါသော စာရွက်စာတမ်းများ ကိုသီးသီးသန့်သန့် ဘုရားခန်းတွင်ထားရှိပြီး ဘဝအဆက်ဆက် သံသရာအဆက်ဆက်တွင် ခင်ပွန်းကြီးဆယ် ပါးအပေါ်၌ ပြစ်မှားစော်ကားမိခဲ့သည့် အပြစ်များကို ဝန်ချတောင်းပန်ရှိခိုးခြင်းဖြင့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြဖြာတို့သည် တစ်နေ့တစ်ခြား တိုးပွားနိုင်ပါကြောင်း ကောင်းမြတ်သော စိတ်စေတနာအမှန်ဖြင့် တင်ပြလိုက်ရပေသတည်း။

အရှင်ဇဝန (ကုန်းဇောင်း)